**Burma News International**


P.O Box (76) Chiang Mai University Post Office
Chiang Mai, 50202, Thailand website: http://www.bnionline.net

# ရွေးကောက်ပွဲနေ့ အစီရင်ခံစာ

(ရွေးကောက်ပွဲ အနိုင်/အရှုံး = ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျဖြစ်ခဲ့သော ကြိုတင်မဲ)


## ၁။ ရွေးကောက်ပွဲနေ့ ဖြစ်စဉ်အကျဉ်းနှင့် ရွေးကောက်ပွဲနေ့ အခင်းအကျင်း

မြန်မာစစ်အစိုးရအနေဖြင့် ၄င်းတို့ ချမှတ်ထားသော လမ်းပြမြေပုံ (၇) ဆင့်တွင် ပဥ္စမ အဆင့် အနေ ဖြင့် ရွေးကောက်ပွဲကျင်းပရန် ချမှတ်ထားပါသည်။ ရွေးကောက်ပွဲကို အကောင်အထည်ဖော်ရန် အတွက် ၂၀၀၈ ခုနှစ်မှ စတင်ပြောဆိုလာမှုများရှိရာ ၂၀၁၀ ခုနှစ်တွင် အတည်ပြု ထပ်မံပြောကြားမှုများ ပြုလုပ်လာခဲ့သည်။ မြန်မာ့ရွေးကောက်ပွဲ ကော်မရှင်၏ ထုတ်ပြန်ကြေငြာချက်အရ ရွေးကောက်ပွဲ ကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့ နံနက် (၆) နာရီမှ ညနေ (၄) နာရီထိ ကျင်းပပြုလုပ်နိုင်ရန် သတ်မှတ်ခဲ့သည်။ ပါတီပေါင်း (၃၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ရွေးကောက်ပွဲ ကော်မရှင်မှ ချမှတ်ခဲ့သည်။ ပြည်နယ် (၅) ခု၊ မြို့နယ်ပေါင်း (၃၂) မြို့နယ် နှင့် ကျေးရွာအုပ်စုပေါင်း (၃၃၀) ခန့် တွင် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကို ကျင်းပ ပြုလုပ်နိုင်မည်မဟုတ်ကြောင်း ရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်ခဲ့သည်။
သို့သော် မဲဆန္ဒ နယ်မြေပေါင်း (၁၁၆၃) နေရာတွင် ကျင်းပနိုင်ရန် သတ်မှတ်ခဲ့သည်။ မဲရုံပေါင်း (၃၅၀၀၀-၄၀၀၀၀) ခန့်အထိ တည်ဆောက်ပြီး မဲပေးနိုင်ရန် ဖန်တီးခဲ့သည်။
ရွေးကောက်ပွဲအနိုင်အရှုံးသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြစ်ခဲ့သည့် ကြိုတင်မဲများအပေါ်တွင် မူတည်ခဲ့ရသည်။




လမ်းပြမြေပုံ (၇) ဆင့်

## ၂။ အထက်လွှတ်တော်၊ အောက်လွှတ်တော်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့် မဲဆန္ဒနယ်မြေ




## ၃။ ပြည်နယ် နှင့် တိုင်းဒေသကြီးများ အလိုက် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများမှာ


တိုင်းရင်းသား  စည်းလုံးညီညွတ်ရေး ပါတီ (တစည) သည် အမျိုးသားလွှတ်တော်တွင် (၁၆၈) နေရာ ရှိရာ (၁၅၀) နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။  ပြည်နယ် လွှတ်တော်တွင် (၃၂၆) နေရာရှိရာ (၂၉၅) နယ် တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။


ကြံ့ဖွံ့ပါတီသည် (၁၆၈) နေရာတွင် (၁၆၀) နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃၂၆) နေရာ ရှိရာ (၃၁၇) နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်သည်။


အမျိုးသား ဒီမိုကရေစီ အင်အားစုသည် စုစုပေါင်း (၁၆၃) နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

တိုင်းရင်းသား ပါတီများ သည် လွှတ်တော် နှစ်ရပ်လုံးတွင် ၄၉၄ နေရာရှိရာ (၃၀၀) ခန့်တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

တသီး ပုဂ္ဂလများအနေဖြင့် ပြည်သူ့လွှတ်တော်နေရာတွင် (၄၃) ဦး ဝင်ရောက်ပြီး၊ အမျိုးသား လွှတ်တော်တွင် (၉) ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။






## Mon State

Township: 10
Population: 2457546

Contesting Parties: 6

- Union Solidarity and Development Party,
- National Unity Party,
- All Mon Regions Democratic Party,
- Kayin People's Party
- Democratic Party (Myanmar)
- Phalon-Sawaw Democratic Party

AMRD (7/8)
USDP (9/12)




## Rakhine State

Township: 17
Population: 3013998

Contesting Parties: 9

- Union Solidarity and Development Party,
- National Unity Party,
- Mro or Khami National Development Organization,
- Rakhine Nationalities Development Party,
- Rakhine State National Force,
- Democratic Party (Myanmar),
- Kaman National Progressive Party,
- National Democratic Party for Development
- National Development and Peace Party

RNDP (12/8)
USDP (17/12)





## Rakhine State

Township: 17
Population: 3013998

Contesting Parties: 9

- Union Solidarity and Development Party,
- National Unity Party,
- Mro or Khami National Development Organization,
- Rakhine Nationalities Development Party,
- Rakhine State National Force,
- Democratic Party (Myanmar),
- Kaman National Progressive Party,
- National Democratic Party for Development
- National Development and Peace Party

RNDP (12/8)
USDP (17/12)






## Shan State

Township: 55
Population: 4,542,811

- Union Solidarity and Development Party,
- National Unity Party,
- Shan Nationals Democratic Party,
- Lahu National Democratic Party,
- Kokang Democracy and Unity Party,
- Ta'aung (Palaung) National Party,
- Wa Democratic Party,
- Wa National Unity Party,
- Inn National Development Party,
- Union Democracy Party,
- Pa-O National Organization
- Kayan National Party

SNDP (34/6)
USDP (44/9)





Contesting Parties: 12

## Sagaing Region

Township: 37
Population: 5285091

- Union Solidarity and Development Party,
- National Unity Party,
- Democracy Party (Myanmar),
- National Democratic Force,
- Chin National Party,
- Shan Nationals Democratic Party,
- Wunthanu NLD,
- Chin Progressive Party

NUP (36/12)
USDP (37/12)



Contesting Parties: 8


## Mandalay Region


Township: 28
Population: 6877451


Contesting Parties: 8





NDF (24/8)
USDP (36/12)








## ၄။ ရွေးကောက်ပွဲ မဲဆွယ်မှု

| | |
|---|---|
|  |  |
| အဲန်ဒီအက်ဖ် ပါတီ မဲဆွယ်စည်းရုံးမှု (ANFREL) | တစည ပါတီ မဲဆွယ်စည်းရုံးမှု (NMG) |
|  |  |
| RNDP ပါတီ မဲဆွယ်စည်းရုံးမှု (Narinjara) | ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးမှု (ANFREL) |

မဲဆွယ်စည်းရုံးမှု သည် မျှတမှု အားနည်းသည်ကို တွေ့ရှိရသည်။ ပြည်ခိုင်ဖြိုးပါတီသည် ယင်းတို့ ပါတီ ရံပုံငွေ တောင့်တင်းသည့်အတွက် တွင်တွင်ကျယ်ကျယ်မဲဆွယ် စည်းရုံးလှုပ်ရှားနိုင်သည့် အခြေအနေတွင် ရှိသည်။ ဥပမာ- ဘောပင်ထုတ်ဝေခြင်း၊ စပို့ ရှပ်ထုတ်ဝေခြင်း နှင့် ပိုစတာများကို အခြားပါတီများထက် ပိုမို၍ ထုတ်လုပ် ဖြန့်ချိနိုင် ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

## မဲဝယ်မှုများ



မက်လုံးပေး မဲဝယ်သည့် တိုင်ကြားလွှာ

-----------------------------------------------------------------------------------------



ပြည်နိုင်ဖြိုး ပါတီမှ မြန်မာကျပ်ငွေ နှစ်သောင်းဖြင့် မဲပေးဝယ်ခဲ့သည်ကို ကချင်ပြည်နယ်တွင် ပြုလုပ်ခဲ့သည်။

## ၆။ မဲရုံ ဖွင့်ပွဲအခင်းအကျင်း

များသောအားဖြင့် မြန်မာနိုင်ငံ တဝှမ်းလုံးတွင် မဲရုံဖွင့်သော အခြေအနေသည် စည်းမျဉ်း စည်းကမ်း နှင့် အညီ ပြုလုပ်ကြသော်လည်း မဲရုံမဖွင့်မှီတွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ မဲရုံစောင့်ကြည့်လေ့လာမည့် ကိုယ်စားလှယ် နှစ်ဦးကို မဲရုံတွင်း ဝင်ခွင့် မပြုသည့် အခြေအနေကို ကျိုက်မရောမြို့နယ်၊ ကျိုက်ပရံတွင် တွေ့ရှိခဲ့ရသည်။ ယင်းအပြင် မဲပုံးများသည်လည်း အချို့ဒေသ များတွင် ချိပ်များ၊ တိပ်များ မပိတ်ထားသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ မြန်မာတီဗွီတွင် ပြသသည့် မဲရုံဖွင့်ပွဲတွင်လည်း မဲပုံးများ ချိပ်ပိတ်ထားခြင်း မရှိသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

## ၇။ မဲပေးမှု အနေအထား

ချင်းပြည်နယ်တွင် ချောမွေ့စွာဖြင့် မဲပေးခဲ့ရသည်။

မွန်ပြည်နယ် ရေးမြို့နယ် သောင်ပြင်ကျေးရွာတွင် အသက် (၁၈) နှစ်ပြည့်ပြီးသော်လည်း မဲမပေးရသည့် ပြည်သူ များ (၁၀၀) ခန့်ရှိခဲ့သည်။ ကော်မရှင်ထံအကြောင်းကြားသော်လည်း မည်သို့မှ ဆောင်ရွက် ပေးခဲ့ခြင်း မရှိပေ။

ထို့အပြင် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပြည်ခိုင်ဖြိုး ပါတီများက တစ်ကြိမ်ထက် မနဲ မဲလာပေးသည့် အတွက် (၂) ဦးကို ဖမ်းဆီး၍ ရဲစခန်းသို့ ပို့ဆောင် နိုင်ခဲ့ပါသည်။

## ၈။ မဲရုံမှူးများ


မွန်ပြည်နယ် ညောင်ကုန်းကျေးရွာ မဲရုံ အမှတ် (၂) မှ မဲရုံမှူး ဦးစိုးလှိုင်သည် ပြည်ခိုင်ဖြိုးကိုသာ မဲပေးရန် မဲရုံတွင် ပြောဆိုလျှက်ရှိခြင်း၊ ကော့ခလွာကျေးရွာ မဲရုံတွင်လည်း ပြည်ခိုင်ဖြိုးကိုသာ မဲထည့်ရန် တခါတည်း မဲပြားတွင် ခြစ် ပေး၍ လာရောက်မဲထည့်သူများကို ထည့်ခိုင်းခဲ့ပါသည်။

ထားဝယ်မြို့နယ်တွင်လည်း ပြည်သူများ မဲထည့်နေသည်ကို မဲရုံဝန်ထမ်းများက စောင့်ကြည့်လျှက် ရှိပါသည်၊ သာဓက အားဖြင့် ထားဝယ် အမျိုးသမီးကြီးတစ်ဦး မဲလာထည့်စဉ် အဆိုပါ အမျိုးသမီးကြီး မှ ပြည်ခိုင်ဖြိုးပါတီဘေးတွင် ကြက်ခြေခတ်၍ ပေးရာ နံဘေးရှိ မဲရုံဝန်ထမ်း အမျိုးသမီးမှ အဒေါ် ကြက်ခြေခတ်လို့ မရဘူးဟု ပြန်လည်ပြောဆိုမှုကို ကြည့်ခြင်းအားဖြင့် လျှို့ဝှက်မဲပေးစနစ် မဟုတ်သကဲ့သို့ ဖြစ်နေခဲ့ပါသည်။

နေပြည်တော်တွင် စာမတတ်သူများအတွက် မဲရုံမှူးများမှ ပြည်ခိုင်ဖြိုးအတွက် အမှန်ကို ခြစ်ပေး လိုက်ခြင်းသည်လည်း ဘက်လိုက်၍ မဲပေးသကဲ့သို့ ဖြစ်နေပါသည်။

မဲစာရင်းများတွင် မဲထည့်ရန် ကြေငြာစာရင်းတွင် ပါသော်လည်း မဲရုံမှူးစာရင်းတွင် မပါဟု ဆိုကာ မဲထည့်ခွင့် မပေးခြင်းကို စစ်တွေမြို့တွင် တွေ့ရှိခဲ့ရပါသည်။

## ၉။ ခြိမ်းခြောက် အကြပ်ကိုင်မှု နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ


မန်း
တာဝန်ခံ

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဘင်္ဂ ကျေးရွာတွင် ကျေးရွာ ရယက ဥက္ကဋ္ဌ၊ ကျေးရွာဈေးကောက်ပွဲကော်မတီဥက္ကဋ္ဌ ကိုသန်းစိုးမြင့်သည် (၇)ရက်(၁၁)လ ဈေးကောက်ပွဲနေ့ နေ့လည် (၃)နာရီ အချိန်ထိ ရွာသူရွာသားများအား မဲလာပေးရန် မဲမပေးပါက [illegible] (၁၁) [illegible] ချုပ်[illegible] ခြိမ်းခြောက်နေကြောင်း သိခဲ့ရသည်။

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် လယ်ယာတောင်ရွာတွင် ကျေးရွာဥက္ကဋ္ဌ၊ ကော်မရှင်ဥက္ကဋ္ဌမှ ကျေးရွာသားများအား ကျေးရွာ ရယက ရုံးသို့ (၆.၁၁.၂၀၁၀) တွင် ခေါ်ပြီး ကြိုတင်မဲများ ကောက်ခံရာ ရွာသား ၅၀၀ ခန့် ကြံ့ခိုင်ရေးပါတီသို့ [illegible] မှောက်တွင် ပေးခဲ့ရကြောင်း သိခဲ့ရသည်။

၇.၁၁.၂၀၁၀ တွင် လယ်ယာတောင်ရွာရှိ မဲရုံ၌ ကြံ့ခိုင်ရေး ပါတီဝင်များသည် မဲလာပေးသူများအား မဲရုံအဝင်ဝ၌ ကြံ့ခိုင်ရေးပါတီ [illegible]များပေးခြင်း၊ ကြံ့ခိုင်ရေးပါတီ အကြောင်းပါ လက်ကမ်းစာစောင်များ ပေးခြင်း၊ ကြံ့ခိုင်ရေးအား မဲပေးရန် ဖြောင်းဖျ ပြောဆို စည်းရုံးခြင်းများကို ယနေ့ နေ့လည် (၂) နာရီအထိ ဆောင်ရွက်နေကြောင်း တင်ပြပါသည်။

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တောင်ခြေရွာတွင် မဲရုံစောင့်သည့် ဆရာ/ဆရာမများက မဲလာထည့်သူများကို ကြံ့ခိုင်ရေးပါတီအား မဲပေးရန် မဲရုံဖွင့်သည့် အချိန်မှစ၍ စည်းရုံးပြောဆိုနေပါသည်။

ရယကများ၏ ခြိမ်းခြောက်မှု

7.11.

သို့/
တာဝန်ခံ

7.11.2010


ပုသိမ်မြို့ ရ.ယ.က (၃) နယ်မြေ (၆) ဒုံးကွင်းကွက်သစ် (၃) လမ်းနေ ၊ ဒေါ်နီ ဒေါ် နှင့်အား ( ) ဦးတို့သည် အထိုပါရပ်ကွက်ရှိ မဲရုံအမှတ် (၃) သို့ မဲပေးရန် သွားရောက်ခဲ့ရာ မဲရုံကော်မရှင်အဖွဲ့မှ မှတ်ပုံတင်ထုတ်ပြပါသော်လည်း မဲထည့်ခွင့် အလစ်ပြား မရှိသဖြင့် မဲထည့်ခွင့်မပေးဟု ဆိုကာ မောင်းထုတ်ခဲ့သည်။ မဲရုံစောင့်ရဲမှ ၄င်းမိသားစုထံ ရောက်လာပြီး ( "ခင်းတို့ ဘာလာလုပ်တာလဲ" ဟု မေးသည်။ မိသားစုမှ မဲလာထည့်ကြောင်း ပြောသည်။ ရဲက "ဘယ်သူ့ကို မဲထည့်မှာလဲ" ဟု မေးရာ ဒေါ်နီ ဒေါ် က ခမောက်ကို မဲထည့်မည်ဟု ဖြေသည်။ တာဝန်ကျ ရဲက "ခမောက်ကို ထည့်လို့မရဘူး။ ကြံ့ခိုင်ရေးပါတီကိုထည့်ရမယ်၊ မထည့်ရင် ဖမ်းမယ် ဒီမှာမဟုတ်ရင် မဲမပေးဘဲ အေးအေးဆေးဆေး ပြန်ချင်ရင်ပြန်" ဟု ခြိမ်းခြောက်ကြောင်း ကြားသိရသည်။

ရဲဝန်ထမ်းများ၏ ခြိမ်းခြောက်မှု

## ၁၀။ ရွေးကောက်ပွဲ နှင့်ပတ်သက်သည့် မကျေနပ်မှုများ၊ တိုင်တန်းမှုများ

နိုင်ငံတဝှမ်းမှာ ကောက်ယူခဲ့သော ကြိုတင်မဲများကို ပယ်ဖျက်ပေးဖို့ ရွေးကောက်ပွဲ ကော်မရှင်ထံ တောင်းဆိုရန် အတိုက်အခံပါတီများက ပြင်ဆင်နေကြသည်။ ရွေးကောက်ပွဲ၌ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အနိုင်ရခဲ့ရာတွင် ကြိုတင်မဲများက အဆုံးအဖြတ် ဖြစ်နေသောကြောင့် ဖြစ်သည်။

ရွေးကောက်ပွဲ ရလဒ်ကို ပြန်လည် စစ်ဆေးပေးရန် လွတ်လပ်သော စုံစမ်း စစ်ဆေးရေးကော်မရှင် တစ်ရပ် ဖွဲ့စည်းပေးဖို့ ကော်မရှင်ကို တောင်းဆိုမည်ဟု အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီက ပြောသည်။


ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ

သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်
ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ
[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ
-------------------- မြို့နယ်ကော်မရှင်ဘဏ္ဍာ
-------------------- မြို့နယ်
-------------------- မြို့

ကျွန်တော်/ကျွန်မ ------------------------ သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ------------------------
(၂) မှတ်ပုံတင်အမှတ် ------------------------
(၃) မွေးသက္ကရာဇ် (အသက်) ------------------------
(၄) အဘအမည် ------------------------
(၅) အမိအမည် ------------------------
(၆) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ ------------------------
------------------------
(၇) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ ------------------------

( *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။)

ကြိုတင်မဲပုံစံ

သို့
ပြန်ကြားရေးတာဝန်ခံ
[illegible]

25. 9. 2010

အကြောင်းအရာ။ ။ ဒေါပုံမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ၏ ကြိုတင်မဲကောက်ယူမှု အကြောင်းတင်ပြခြင်း။

USDP အဖွဲ့ဝင်များဖြစ်သော ဒေါပုံမြို့နယ် ကြံ့ခိုင်ရေးပါတီ အတွင်းရေးမှူး ဦးဝင်းခိုင် (ဂန္ဓဝင်အရက်ဆိုင်)၊ စည်းရုံးရေးမှူး ① ဦးမြင့်ဆွေ ② ဦးဟန်သိန်း ③ ဦးကျော်နိုင် နှင့် အခြားအဖွဲ့ဝင်များ ဦးတင်လင်းအောင်၊ ပုညအေး၊ လှမိုးကျော် တို့သည် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံ ရပ်ကွက်ရှိ ဗိုလ်တေဇလမ်း၊ ဗိုလ်မင်းခေါင် ဗိုလ်စုပိုက်၊ ဗိုလ်အောင်ကျော်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဓမ္မဇာလမ်း၊ သဒ္ဓါလမ်း၊ မင်းနန္ဒာလမ်း နှင့် ဗိုလ်လရောင်လမ်းများတွင် စက်တင်ဘာ ၂၀၁၀ လလယ်ပိုင်းမှ စ၍ တရက်လျှင် တလမ်းနှုန်းဖြင့် အိမ်လည် ကြိုတင်မဲ ကောက်ခံခဲ့ကြပါသည်။

၎င်းတို့ ကောက်ခံပုံမှာ ၇. ၉. ၂၀၁၀ တွင် ဗိုလ်တေဇလမ်း၌ ရှိ အိမ်များသို့ သွားရောက်ပြီး သန်းခေါင်စာရင်း ကဲ့ မဲဆန္ဒရှင် စာရင်း တောင်းပြီး ၁၈နှစ်အထက် ရှိသူများ အားလုံးကို လိုက်မေး၍ ဦး ဒေါ် (၁၃ဦး) မဲဆန္ဒရှင် ဖောင်ဖြည့်သွင်း လက်မှတ်ရေးထိုး ခိုင်းပါသည်။ ထို့နောက် "ခင်ဗျားတို့ ကယ်ကယ်ထွားထွား သွား သွားလို့ ရတယ် ဒါလွှဲ [illegible] ပါ။ ခင်ဗျားတို့ မဲပေးစရာ မလိုတော့ဘူး ပေါ့" လို့ ပြောပါသည်။ ထို မဲဆန္ဒရှင်တွေကို "ဒီမှာ လက်မှတ်ထိုးပြီးရင် မဲပေးစရာ မလိုတော့ဘူး" ခင်ဗျားတို့ မိမိ အလုပ် ဆက်လုပ်နိုင်ကြပေါ့။ လာစရာ မလိုတော့ဘူး ပေါ့" လို့ ပြောပါသည်။ ထိုအခါ သူမှာ အမှန်တကယ်ပဲ မဲဆန္ဒရှင်များကို ကြောင်ချ သွားပါသည်။

ကြံ့ခိုင်ရေးပါတီ၊ မဲရေတွက်ပုံ ရေတွက်နည်းကိစ္စများနှင့် ပတ်သက်၍ ကော်မရှင်ထံ ကန့်ကွက် တိုင်ကြားမည် ဆိုသည့် ပါတီများထဲတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီများ ပါဝင်သည်။

**"ကြံ့ခိုင်ရေးမဲတွေကို မတရားသဖြင့် ကောက်ယူခဲ့တယ် ဆိုတာ ကျနော်တို့မှာ အထောက်အထားတွေ ရှိတယ်"** ဟု ကျားဖြူပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သူ စဝ်သန်းမြင့်က ပြောသည်။ မဲရေတွက်ပုံ ရေတွက်နည်းမှာလည်း ရွေးကောက်ပွဲ ဥပဒေနှင့် ဆန့်ကျင်နေသည်။ ၎င်းနှင့် ပတ်သက်၍လည်း အထောက်အထားများ ရှိနေသည်ဟု ဆိုသည်။

ရွေးကောက်ပွဲ နောက်ဆုံး ရလဒ်ကို မကြေညာသေးသော်လည်း ကြံ့ဖွံ့ပါတီ၏ တာဝန်ခံ ပုဂ္ဂိုလ်တစ်ဦးက ၎င်းတို့ ပါတီသည် တစ်နိုင်ငံလုံးတွင် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ရှစ်ဆယ်ရာခိုင်နှုန်း ရွေးကောက်ခံခဲ့ရပြီး အပြတ်အသတ်အနိုင်ရသည်ဟု ပြောသည်။

ဆန္ဒမဲ အရေအတွက်စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းမှာ ရွေးကောက်ပွဲမတိုင်မီ ကောက်ခံထားသော ကြံ့ခိုင်ရေးမဲများဖြစ်နေပြီး ၎င်းမဲအများစုမှာ ကြံ့ဖွံ့ပါတီနှင့် နီးစပ်သည့် အာဏာပိုင်များက ဖွတ်အတင်းထည့်ခိုင်း၍ ပေးခဲ့ရသော မဲများ ဖြစ်သည်ဟု နိုင်ငံတဝှမ်းက ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များက ပြောကြသည်။

အချို့နေရာများတွင် ကြံ့ခိုင်ရေးမဲပြား အလွတ်များကို အရံအဖြစ် စုဆောင်းထားသည်။ မဲရေတွက်ရာတွင် ကြံ့ဖွံ့ပါတီ အရေးနိမ့်သွားလျှင် ၎င်းမဲများကို ကြံ့ဖွံ့ပါတီအား ထောက်ခံသည့် မဲများအဖြစ် ပေါင်းထည့်လိုက်ခြင်းအားဖြင့် ကြံ့ဖွံ့ပါတီအနိုင်ရအောင် လုပ်သည်ဟု အဖွဲ့ဝင် ၅၀ ဦးဖြင့် မဲရုံများကို စောင့်ကြည့်လေ့လာနေသည့် ဗမာနိုင်ငံ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများ တပ်ပေါင်းစု (ဗ.ဒ.တ) အဖွဲ့က ပြောသည်။

နိုင်ငံတဝှမ်းလုံး မဲရုံအများအပြား၌ ရေတွက် ရရှိသည့်မဲများတွင် ကြံ့ဖွံ့ပါတီကို ထောက်ခံသည့် ကြံ့ခိုင်ရေးမဲအရေအတွက်က အများစု ဖြစ်နေသည်ဟု ယှဉ်ပြိုင်ဘက်ပါတီများမှ ကိုယ်စားလှယ်လောင်းများက ပြောသည်။ အချို့မဲရုံများတွင် ရေတွက် ရရှိသည့် မဲအရေအတွက်က အမှန်တကယ် မဲပေးနိုင်သည့် လူအရေအတွက်ထက်ပင် များနေသည်။

မဲရုံများတွင် ကြံ့ခိုင်ရေးမဲများ ပေါင်းထည့်ခြင်း၊ လွတ်လပ်မှု မရှိခြင်း၊ မဲရေတွက်ရာတွင်လည်း ရှင်းလင်းမြင်သာမှု မရှိခြင်းတို့ကြောင့် ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ပြဿနာ ဖြစ်လာနေသည်။

ကချင်ပြည်နယ် မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်နှင့် ဗန်းမော်မြို့နယ်များတွင် ကြံ့ခိုင်ရေးမဲကိစ္စ၊ မဲရေတွက်ပုံ ရေတွက်နည်းကိစ္စများနှင့် ပတ်သက်၍ ကျားဖြူပါတီက ကော်မရှင်ကို တိုင်တန်းကန့်ကွက် သွားမည်ဟု ပြောသည်။ ရှမ်းပြည်နယ် ပင်လုံမြို့နယ်က ကြံ့ခိုင်ရေးမဲများကိစ္စနှင့် ပတ်သက်၍လည်း ကန့်ကွက်သွားမည်ဟု ဆိုသည်။ "ဒီကြံ့ခိုင်ရေးမဲကိစ္စက လက်မခံ နိုင်လောက်အောင် အရုပ်ဆိုးလွန်းတယ်" ဟု ကျားဖြူပါတီ ဗဟိုကော်မတီဝင် စဝ်စိုင်းမိုင်က ပြောသည်။

ရှမ်းပြည်နယ် ရွေးကောက်ပွဲများတွင် ဖြစ်ပျက်ခဲ့သည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အထက်အာဏာပိုင်များထံ တင်ပြရန် ဆွေးနွေးနေသည်ဟု ၎င်းပါတီတာဝန်ခံ တစ်ဦးက ပြောသည်။ ထိုထဲတွင် မဲပြားအရေအတွက်မှာ အမှန်တကယ် မဲပေးနိုင်သည့် လူဦးရေ အရေအတွက်ထက် ပိုများနေသည့်ကိစ္စ ပါဝင်သည်ဟု ဆိုသည်။

ရွေးကောက်ပွဲတွင် ကျားဖြူပါတီက ကိုယ်စားလှယ်လောင်း ၁၅၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ရာ ၅၇ ဦး သာ အနိုင်ရရှိခဲ့သည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ကြိုတင်မဲ ကိစ္စကို အကြောင်းပြုပြီး ၄င်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်များတွင် မဲများကို ပြန်လည် ရေတွက်ပေးရန် ကော်မရှင်ကို တောင်းဆိုထားသည်ဟု ဆိုသည်။ ၄င်းပါတီသည် မဲဆန္ဒနယ် ၃၄ နေရာ၌ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ မဲဆန္ဒနယ် ၁၅ ခု မှာသာ အနိုင်ရခဲ့သည်။ အကယ်၍ ရွေးကောက်ပွဲကို နည်းမှန်လမ်းမှန် ကျင်းပပေးခဲ့မည် ဆိုလျှင် မဲဆန္ဒနယ်အားလုံးတွင် ၄င်းတို့ ပါတီ အနိုင်ရမှာ သေချာသည်ဟု ဆိုသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မဲဆန္ဒနယ်တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက ဆန္ဒမဲ ၈၀ ရာခိုင်နှုန်း အနိုင်ရရှိသော်လည်း ကြိုတင်မဲများ ထည့်သွင်း ပေါင်းထည့်လိုက်ခြင်းကြောင့် ရှုံးနိမ့်သွားသဖြင့် ကော်မရှင်ကို တိုင်ကြား ကန့်ကွက်ထားသည်။

**"တကယ်လို့သာ ကော်မရှင် ဥပဒေကို လိုက်နာခဲ့မယ်ဆိုရင် ထွက်လာတဲ့ အဖြေက လက်ခံနိုင်စရာ ဖြစ်လိမ့်မယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ သူတို့က ဆန္ဒမဲတွေကို ဖွတ်အတင်း ကြိုကောက်သွားတာကိုး။ လူတွေကလည်း နောက်ဆက်တွဲ ဖြစ်လာမယ့် အန္တရာယ်တွေကို ကြောက်တော့ ကြိုတင်မဲ ထည့်ကြရတာပေါ့"** ဟု ပြောသည်။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်က တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်က မဲရေတွက်ရာတွင် သူက မဲ ၆၀၀ အသာနှင့် အနိုင်ရခဲ့ကြောင်း၊ သို့သော် နောက်ဆုံးအဖြေထုတ်သည့်အခါ ၁၄၅ မဲနှင့် ရှုံးသွားပြီး ကြံ့ဖွံ့ပါတီကိုယ်စားလှယ်က အနိုင်ရရှိသွားကြောင်း၊ ယင်းကိစ္စကို ကော်မရှင်ထံ တိုင်ကြား ကန့်ကွက်သည့် အခါမှ ကော်မရှင်က သူ့ကို အနိုင်ရသူအဖြစ် ပြန်လည် ကြေညာပေးခဲ့ကြောင်း ပြောပြသည်။

(ကိုးကားဖော်ပြချက်-http://burmese.burmaelection2010.com/2010-09-16-05-28-31/248.html)

စစ်တွေမြို့တွင် မဲပေးနိုင်သူ (၁၈၀) ကို မဲလိမ်ထားပြီး တိုင်တန်းရာတွင် ရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းကြည် နှင့် ကော်မရှင် ဥက္ကဋ္ဌ ဦးမောင်တော တို့ မဖြေရှင်းပဲ အတွေ့မခံပဲနေခဲ့သည်ဟု သိရှိရသည်။

## ၁၁။ လေ့လာသုံးသပ်ချက် (တိုးတက် ပြောင်းလဲသင့်သည့် အခြေအနေ)

- တိကျရှင်းလင်းသည့် မဲဆန္ဒရှင်များ၏ စာရင်းမရှိခြင်း
- ပြည်သူများမှ မည်သို့ မဲပေးရမည်ကို မသိရှိခြင်း
- မဲပေးရာတွင် လုံခြုံမှု မရှိခြင်း
- မဲရုံမှူးများ၏ ဖိအားပေးခြိမ်းခြောက်မှု
- မဲရေတွက်ရာတွင် ထင်သာမြင်သာမရှိခြင်း
- စစ်မှန်သော ပြိုင်ဘက်ကောင်း ဖြစ်အောင် မဖန်တီးပေးနိုင်ခြင်း
- ပါတီများ၏ စည်းရုံးလှုံ့ဆော်မှုများကို ကန့်သတ်ထားခြင်း

- အဓိကရုဏ်းများ၊ စစ်ပွဲများ ဖြစ်ပွားလာခြင်း
- မဲစာရင်းများ ထပ်နေခြင်း
- ကြိုတင်မဲများကို တိကျသေချာစွာ ရှင်းလင်းတင်ပြခြင်းမရှိပဲ မဲရေတွက်ခြင်း
- မဲပြားအရေအတွက် မည်မျှရှိသည်ကို မကြေငြာခြင်း
- အပိုဆောင်း မဲပြားမည်မျှရှိသည်ကိုလည်း မကြေငြာခြင်း

## ၁၂။ အခြားကိစ္စရပ်များ

- ရွေးကောက်ပွဲနေ့တွင် ဒီကေဘီအေ နှင့် နအဖ စစ်တပ်တို့ကြား မြဝတီမြို့တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ ယင်းအပြင် ဘုရားသုံးဆူဒေသတွင်လည်း စစ်ပွဲများ ထပ်မံဖြစ်ပွားလျှက် ရှိပါသည်။
- ရွေးကောက်ပွဲ နှင့် ပတ်သက်၍ တရုတ်နိုင်ငံ နှင့် အရှေ့တောင် အာရှနိုင်ငံများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ခြင်း
- EBO ၏ ရွေးကောက်ပွဲ နှင့်ပတ်သက်သည့် အစီရင်ခံစာ
- Myanmar Egresss ၏ ရွေးကောက်ပွဲ နှင့်ပတ်သက်သည့် အစီရင်ခံစာ
- ABFREL ၏ ရွေးကောက်ပွဲအပေါ် သဘောထား
- အမေရိကန် သမ္မတ၏ မြန်မာ့ရွေးကောက်ပွဲ နှင့်ပတ်သက်သည့်သဘောထား